## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်

## အမိန့်အမှတ်၊ ၂ / ၂၀၂၀

## ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

## (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်)

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေးလုပ်ငန်းများ(ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင်)အကြား လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေး၊ ဈေးကွက်တွင် မျှတသောယှဉ်ပြိုင်မှုကို တစ်ပြေးညီ တိုးတက်လာစေရေး၊ သာတူညီမျှခံစားခွင့် ရရှိစေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် အောက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာကန့်သတ်ချက်များကို သိရှိနားလည်လိုက်နာဆောင်ရွက်ရမည်-

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူသိရှိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန် ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် သို့မဟုတ် အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်။

( ခ ) အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေသည့် မှားယွင်းသော၊ မှန်ကန်မှု မရှိသော၊ သွေးဆောင်ဖြားယောင်းသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် လွဲမှားစွာယုံကြည်စေရန်အကြောင်းရှိသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

( ဂ ) အခြားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သော၊ အကျိုးဆုတ်ယုတ်စေနိုင်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော စကားလုံး

သုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဃ) အခြားစီးပွားရေးလုပ်ငန်းများနှင့် ဆင်တူယိုးမှားဖြစ်စေသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

( င ) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုများရရှိ ဆောင်ရွက်နေကြောင်း အများပြည်သူအား သိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြုထောက်ခံထားသော မှန်ကန်တိကျခိုင်မာသည့် အထောက်အထားများရှိမှသာလျှင် သို့မဟုတ် တင်ပြနိုင်မှသာလျှင် ဆောင်ရွက်ရမည်။

၂။ မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမဆို အထက်အပိုဒ် ၁ ပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည် လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာမှုမရှိပါက ယှဉ်ပြိုင်မှုဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းခံရမည်။

(ပုံ) ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်

စာအမှတ် ၊ ယှဉ်ပြိုင်မှု/ ၁-၁၀/၂၀၁၉-၂၀၂၀ ( ၀၄၆ )

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

မင်းမင်း

အတွင်းရေးမှူး

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်